# ရိုးရာဓလေ့ထုံးတမ်းမြေယာမူဝါဒအတွက် အကြံပြုချက်စာတမ်း

**နိဒါန်း**
မြေနှင့် ရေသည် လူသားများ၏ အသက်သွေးကြောဖြစ်သကဲ့သို့ ပြည်သူလူထုများလိုလားနေသော အချုပ်အခြာအာဏာ ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် ဆက်စပ်နေပါသည်။ မည်သို့ပင်ဖြစ်စေကာမူ ယနေ့ ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေး စနစ်နှင့် မူဝါဒများကို ခေတ်သစ်ကမ္ဘာ့တိုက်ကြီးများအားလုံးတွင် ကျင့်သုံး အသိအမှတ်ပြု လာခဲ့ကြပြီးဖြစ်သည်။ အများပိုင်နှင့် ရိုးရာဓလေ့ထုံးတမ်းစနစ်များသည် တသီးပုဂ္ဂလပိုင်ဆိုင်မှုစနစ်ထက် ပိုမို၍ ကုန်ကျစရိတ်သက်သာခြင်းနှင့် မျှတမှု ရှိသည်ဟု နိုင်ငံတကာ အဖွဲ့အစည်းအများအပြားမှ အသိအမှတ်ပြုလာကြပြီး မြေယာပိုင်ဆိုင်မှုစနစ်များအား အစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်းများကို သတိထားရန် တိုက်တွန်းထားကာ တိုင်းရင်းသား ဒေသအတွင်း လက်ရှိကျင့်သုံးနေသည့် စနစ်များကိုအခြေခံ၍ တည်ဆောက်သွားပါက ပိုမိုသင့်လျော် လိမ့်မည်ဟု အကြံပြု ထားကြသည်။

မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးစနစ်များကို နိုင်ငံတော်အဆင့်တွင် အသိအမှတ် ပြုထားရန်လိုအပ်သည်။ သို့ပေမယ့် ပိုင်ဆိုင်မှုနှင့် သဘာဝအရင်းအမြစ် ထိန်းချုပ်မှုများကို ဗဟို ချုပ်ကိုင်ခွင့် ပေးထားသည့် ယခုလက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေပြုရေးအောက်တွင် ပြုလုပ်နိုင်ရန် ခက်ခဲသည်။

ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲရေးများကို အကာအကွယ်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အရေးကြီးသည့် အစိတ်အပိုင်းတခုဖြစ်ပြီး လူမှု အသိုင်းအဝိုင်း၏ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှု စာချုပ်များကို ထားရှိရန် လိုအပ်ခြင်း အပါအဝင် မြေယာစီမံခန့်ခွဲရေး ဓလေ့ထုံးတမ်းများကို ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဗဟိုချုပ်ကိုင်မှု လျော့နည်းသည့် ဥပဒေမူဘောင်အတွင်းတွင် ဖေါ်ပြရမည်ဖြစ်သည်။ ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုကို တရားဝင်အသိအမှတ်ပြုခြင်းတွင် လုပ်ဆောင်ရန် အောက်ပါဖြစ်စဉ်များကို ECDF မှ အဆို တင်သွင်းလိုက်ပါသည်။

**ရည်ရွယ်ချက်**
မူဝါဒအတွက်အကြံပြုချက်မူကြမ်း၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -
၁။ ဒေသခံလူထုတို့၏ ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ ပိုင်ဆိုင်စီမံခန့်ခွဲသည့် မြေယာများအား တရားဝင် အသိအမှတ်ပြုရန် နှင့် ဥပဒေပြုပြဌာန်းချက်အတွင်းထည့်သွင်းသွားရန်။
၂။ နောင်လာနောက်သားများ၏ အသက်မွေးဝမ်းကျောင်းနှင့်ဘဂလုံခြုံရေးကို အထောက်အကူပြုစေရန်။
၃။ သဘာဝအရင်းအမြစ်များရေရှည်တည်တန့်ခိုင်မြဲစေရန်။

**အခြေခံလမ်းညွှန်မှု**

- မြေယာ မူဝါဒနှင့်ဥပဒေချမှတ်ရေးဆွဲရာတွင် ဖက်ဒရယ်မူနှင့် ကိုက်ညီရမည်။
- မြေယာ မူဝါဒရေးဆွဲချမှတ်ရာတွင် အခြေခံလူထုပိုင်ဆိုင်မှုကို ဦးစားပေးခြင်း၊ ၎င်းတို့ကိုယ်တိုင် ကိုယ်ပိုင်စီမံခန့်ခွဲခွင့်၊ ပူးပေါင်းပါဝင်ဆုံးဖြတ်ပိုင်ခွင့် နှင့် ဒေသခံလူထုများအဓိပ္ပါယ်ဖွင့်ဆိုသည့် ရေရှည်တည်တန့်ခိုင်မြဲခြင်းကို အခြေခံရမည်။
- မြေယာ ဆိုင်ရာ မူဝါဒ နှင့် ဥပဒေများ ချမှတ်ရေးဆွဲရာတွင် နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံနှုန်းကို အခြေခံပြီးရေးဆွဲရမည်။
- ကျေးလက်ဒေသအတွင်း အကောင်အထည်ဖော်မည့် မည်သည့်စီမံကိန်းမဆို ဆောင်ရွက်လိုပါက ဒေသခံလူထုအများ၏ဆုံးဖြတ်ချက်ကိုအခြေခံရမည်။
- မြေယာဆိုင်ရာ မူဝါဒချမှတ်ခြင်းနှင့်ဥပဒေပြဌာန်းမှုအစပြုရာတွင် တိုင်းရင်းသားပြည်သူလူထု အလွှာအသီးသီး၏ မတူကွဲပြားမှုများအား အခြေခံ၍ချမှတ်ပြဌာန်းရမည်။

**အကြံပြုချက်များ**

၁။ တိုင်းရင်းသားဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်သည် ဗဟိုချုပ်ကိုင်မှုမရှိသော တရားဝင်မှုဘောင် အဖြစ် အနာဂတ်ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းပြဌာန်းရမည်။ ထို့အတူ ရပ်ရွာနယ်နိမိတ်ပေါ်အခြေခံပြီး မြေပေါ်မြေအောက် အရင်းအမြစ်အပါအဝင် ရိုးရာ/ လူထုမြေယာ ပိုင်ဆိုင်သည့် တရားဝင်စာရွက်စာတမ်းများ ထားရှိရမည်။

၂။ ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်ကို ကာကွယ်ရန်အလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း၊ ရပ်ကွက်ကျေးရွာ နေရာဒေသနှင့် လိုက်လျောညီထွေပြီး ဒေသခံပြည်သူများအတွက် သဟာဇတဖြစ်သည့် မြေယာဥပဒေအသစ်ပြဌာန်းခြင်း ပြုလုပ်ရမည်။

၃။ ငြိမ်းချမ်းရေး သဘောတူညီချက် ရရှိသည်အထိ ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ် ကျင့်သုံးနေသည့် ဧရိယာများအတွင်းတွင် မြေယာသိမ်းယူခြင်းများကို ဆိုင်းငံ့ထားသင့်သည်။

၄။ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာစီမံခန့်ခွဲခြင်းစနစ် ကျင့်သုံးနေသော ရွာများအားလုံးကို မည်သည့် အာဏာပိုင်ကမှ ခြိမ်းခြောက် နှောက်ယှက်ခြင်း မပြုသင့်သည့်အပြင် အောက်ပါချက်များကိုလည်း ခွင့်ပြုသင့်သည် -

(က) လက်တွေ့ကျင့်သုံးမှု တိုးတက်ကောင်းမွန်လာစေရန် အားပေးကူညီခြင်း နှင့် ကာကွယ်ခြင်း။

(ခ) ၎င်းတို့၏ရွာများကိုယ်ပိုင် ရွာမြေပုံဆွဲခြင်း၊ ရွာမြေယာပိုင်လက်မှတ်ပြုလုပ်ခြင်း နှင့် ရွာနယ်နိမိတ် သတ်မှတ်ခြင်း။

(ဂ) အာဏာပိုင်များ တသီးပုဂ္ဂလမြေယာလက်မှတ်များ လာရောက်လုပ်ဆောင်ရာတွင် အဆိုပါဒေသရှိ ရွာစနစ်များနှင့်မကိုက်ညီ၍ ရွာသူရွာသားများ ပယ်ချပါက မည်သည့်အာဏာပိုင်ကမှ ခြိမ်းခြောက် နောက်ယှက် အရေးယူခြင်းမပြုသင့်ပါ။

၅။ တိုင်းရင်းသားပြည်နယ်အတွင်းရှိ ရိုးရာဓလေ့ထုံးတမ်းဖြင့် ရပ်ရွာ အုပ်ချုပ်ရေးစနစ် ကျင့်သုံးနေခြင်းအား ဗဟိုအစိုးရမှ မည်သည့်အစိုးရအဆင့်ဆင့်မဆို ဝင်ရောက်နောက်ယှက်ခြင်းမပြုသင့်ပါ။

၆။ မြန်မာနိုင်ငံ မြေယာစီမံခန့်ခွဲမှုစနစ် အဆင့်တိုင်းတွင် အသိအမှတ်ပြုပါဝင်သင့်သည့်အချက်များမှာ

(က) အမျိုးသမီးများတွင် မြေယာအမွေဆက်ခံပိုင်ခွင့်၊ မြေယာပိုင်ဆိုင်ခွင့် နှင့် ဆုံးဖြတ်ချက်ချသည့် အခန်း ကဏ္ဍများတွင် ပူးပေါင်းပါဝင်ခွင့် ရှိရမည်။

(ခ) UNDRIP နှင့် နိုင်ငံတကာ လူ့အခွင့်အရေးများအား လေးစားလိုက်နာရမည်။

၇။ ဒေသခံနှင့် လူထုအခြေပြု အဖွဲ့အစည်းများမှ ဓလေ့ထုံးတမ်းမြေယာ လက်တွေ့ကျင့်သုံးမှု လုပ်ဆောင်နေသောကာလအတွင်း နိုင်ငံရေးပါတီများနှင့် Ethnic Armed Organizations မှ အသိအမှတ်ပြု ရပ်တည် ပေးရမည်။

၈။ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင် EAOs များမှ မြေယာလက်မှတ်များ ထုတ်ပေးခြင်း အသိအမှတ်ပြုခြင်းများကို တရားဝင် ဖြစ်လာအောင် တိုက်တွန်းတောင်းဆို ပေးရမည်။

၉။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရ ရောနှောအုပ်ချုပ်နယ်မြေအတွင်းရှိ ပြည်သူပိုင်လယ်ယာမြေများအား သက်ဆိုင်ရာဒေသအလိုက်အစိုးရမှ အသိအမှတ်ပြု ပေးရန် ညှိနှိုင်းဆွေးနွေးခြင်း။

၁၀။ ရိုးရာဓလေ့ထုံးတမ်းမြေယာမူဝါဒရေးဆွဲရာတွင် Civil Society Organizations, Non-Government Organizations , လွှတ်တော်အမတ်များ၊ ကျေးရွာလူထု၊ ဘာသာရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါသည်။

၁၁။ တိုင်းရင်းသားများ၏မြေအားလုံးကို မူလဒေသခံ လူမျိုးများမှ ပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခြင်း နှင့် အကျိုးအမြတ်ခံစားပိုင်ခွင့်ရှိရမည်။

၁၂။ မိရိုးဖလာမြေယာပိုင်ဆိုင်မှုအမွေအနှစ်များကို မပျောက်မပျက်စေရန် ဒေသခံများကိုယ်တိုင်ပါဝင်ကာကွယ်ထိန်းသိမ်းခြင်းကို အသိအမှတ်ပြုရမည်။

**ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်၏ တရားဝင်အသိအမှတ်ပြု ထည့်သွင်းကျင့်သုံးရန် အကြံပြုထားသည့် ဖြစ်စဉ်**

၁။ ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်ကျင့်သုံးသည့်ဒေသများတွင် ထိုစနစ်ကို ဆက်လက်အကာအကွယ်ပေးထားသင့်သည်။ စစ်ပွဲများနှင့် အိုးအိမ်စွန့်ခွာပြောင်းရွှေ့နေထိုင်ရခြင်းများကြောင့် ထိုဓလေ့ထုံးတမ်းများကို အပြည့်အဝကျင့်သုံးခြင်းမရှိသည့် (သို့မဟုတ်) ကျင့်သုံးခြင်းမရှိတော့သည့် နေရာဒေသများတွင် (ယခင် မြေယာပိုင်ဆိုင်ခဲ့သူများနှင့် လာရောက်အခြေချနေထိုင် ကြသော လူမှုအသိုင်းအဝိုင်းအသစ်များအပါအဝင်) ဒေသခံလူမှုအသိုင်းအဝိုင်းများအား ဓလေ့ထုံးတမ်း မြေယာဥပဒေ အောက်တွင် ထိုဓလေ့ထုံးတမ်းအလေ့အထများကို ပြန်လည်ကျင့်သုံးလိုစိတ်ရှိ/မရှိ ဆုံးဖြတ်ပိုင်ခွင့်ပေးသင့်သည်။

၂။ ဒေသတွင်း ဥပဒေများ ရေးသားပြဌာန်းထားခြင်းမရှိသေးသည့်နေရာများအတွက် ဥပဒေရေးရာဝေါဟာရများအဖြစ် တိုက်ရိုက်ရေးသားပြဌာန်းခြင်းထက် ဒေသခံများ သုံးနှုန်းကျင့်သုံးသည့် စကားလုံး၊ ဝေါဟာရ များအတိုင်း ပထမဦးစွာ ရေးသားပြဌာန်းသင့်သည်။

၃။ လူမှုအသိုင်းအဝိုင်းဆိုင်ရာ (သို့မဟုတ်) ဓလေ့ထုံးတမ်းဆိုင်ရာ မြေယာပိုင်ဆိုင်မှုစာချုပ်များ ရရှိလိုသည့် လူမှုအသိုင်းအဝိုင်းများ ကျေးရွာ၏နယ်နိမိတ်အပေါ်တွင်မူတည်၍ လျှောက်ထားနိုင်ရမည်၊ လူမှုအသိုင်းအဝိုင်း၏ ကိုယ်စားလှယ်မှ အိမ်နီးချင်းအသိုင်းအဝိုင်းများ၏ ကိုယ်စားလှယ်များနှင့် ကျေးရွာ နယ်နိမိတ်သတ်မှတ်၊ လက်မှတ်ထိုး၍ လျှောက်ထား နိုင်သည်။

၄။ ဗဟို/ပြည်နယ်အစိုးရများမှ ဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုစာချုပ်များကို စီမံအုပ်ချုပ်ရန် သီးခြား ဦးစီးဌာနတခု သတ်မှတ်ဖွဲ့စည်းထားသင့်သည်။ အောက်ပါနည်းလမ်းများအတိုင်း ပြုလုပ်နိုင်သည်ဟု အကြံပြုလိုပါသည်။

- အနာဂတ် ဖက်ဒရယ်ပြည်ထောင်စုအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အစိုးရများကို တာဝန်ခံရသည့် "ဓလေ့ထုံးတမ်း မြေယာဆိုင်ရာ ဦးစီးဌာန (Customary Land Department-CLD)" ဖွဲ့စည်းခြင်း- ဤဦးစီးဌာန၏ စည်းမျဉ်းစည်းကမ်းများနှင့် ပြဌာန်းချက်များကို ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ ဥပဒေပြုရေးတွင် အသေးစိတ် ဖေါ်ပြသင့်သည်၊ CLD ၏ ဝန်ထမ်းများသည် ဒေသခံတိုင်း ရင်းသားများ၏ ဘာသာစကားများနှင့်ယဉ်ကျေးမှုများကို သိကျွမ်းနားလည်သူဖြစ်သင့်သည်၊ CLD လျှောက်လွှာများနှင့်ပတ်သက်၍ ဒေသန္တရအစိုးရလုပ်ပိုင်ခွင့်အာဏာဖြင့် ထုတ်ပေးနိုင်ရမည်၊

အငြင်းပွားမှုများဖြစ်လာပါက အဆင့်ဆင့်ဖြေရှင်းနိုင်သည့် တရားဝင်အစုအဖွဲ့များ ထားရှိရေးနှင့် ဖြေရှင်းရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အတည်ပြု ပေးသင့်သည်။

- ဒေသအဆင့် စီမံအုပ်ချုပ်ရေး/အုပ်ချုပ်ရေးအဖွဲ့ (မြေယာဆိုင်ရာ ဘုတ်အဖွဲ့များ၊ ကျေးရွာကောင်စီများ၊ ခရိုင်ခွဲ ဓလေ့ထုံးတမ်း မြေယာကော်မတီများ၊ စသည်တို့ကို ဆိုလိုသည်။) များသည် (Customary Land Department-CLD) ၏ စီမံအုပ်ချုပ်မှုအောက် ရောက်သွားမည်ဖြစ်သည်။ ဤဒေသအဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့များသည် အားလုံးပါဝင်မှုနှင့် ထိရောက်မှု ရှိရမည်။ ဒေသခံ ရွေးကောက်တင်မြှောက်ခြင်းခံထားရသော ခေါင်းဆောင်များ/ရပ်မိရပ်ဖများ/ လူမှုအသိုင်း အဝိုင်းဝင်များ/ CLD အာဏာပိုင်များ ပူးပေါင်းပါဝင် ဖွဲ့စည်းထားသင့်သည်။ ယင်းတို့၏ တရားဝင် ပြဌာန်းချက် များနှင့် လုပ်ထုံးလုပ်နည်းများတွင် ဒေသခံ အလေ့အထများ ထည့်သွင်းပြဌာန်းကျင့်သုံးသင့်သည်။
- **ဒေသအဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့များတွင် အမျိုးသမီးများ၏ ကိုယ်စားပြုမှုကို အာမခံပေးရမည်။ အမျိုးသမီးပါဝင်ဦးစီးဆောင်ရွက်ခြင်းကို အားပေးကူညီရမည်။**
- ဒေသအဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့များအတွက် အထက်-အောက် နှင့် အောက်-အထက် ကြီးကြပ်မှု နှင့် တာဝန်ခံမှု ယန္တရား တည်ဆောက်ထားရမည်။
- ဒေသအဆင့် စီမံအုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍများတွင်- ဓလေ့ထုံးတမ်းမြေယာများ သတ်မှတ်ပေးရန် လျှောက်ထားလာခြင်းဖြစ်စဉ်နှင့်ပတ်သက်၍ အတည်ပြု ပေးခြင်း သို့မဟုတ် ပယ်ချခြင်းအပါအဝင် ဆက်စပ်လုပ်ကိုင်ခြင်း၊
- ဓလေ့ထုံးတမ်းမြေယာများ၏ နယ်နိမိတ်များ တိုင်းတာခြင်းအတွက် ဆက်စပ်လုပ်ကိုင်ခြင်း၊
- ဓလေ့ထုံးတမ်းမြေယာများကို မှတ်ပုံတင်ခြင်း (ပြန်လည်စစ်ဆေးခြင်းများနှင့် သက်တမ်းတိုးခြင်းများ အပါအဝင်)၊ ဓလေ့ထုံးတမ်းမြေယာများနှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် မှတ်တမ်းများကို စီမံခန့်ခွဲခြင်း။
- မိသားစုပိုင် ဓလေ့ထုံးတမ်းမြေယာများကို ငှားရမ်းခြင်း (သို့မဟုတ်) ပိုင်ဆိုင်မှု လွှဲပြောင်းခြင်းများအတွက် နောက်ဆုံးအဆင့် အတည်ပြုပေးခြင်း။
- မြေယာအသုံးပြုမှုနှင့် ဖွံ့ဖြိုးရေးအတွက် အစီအစဉ်ချမှတ်ခြင်းများကို ဒေသခံများနှင့်အတူ ဆက်စပ်လုပ်ကိုင်ခြင်း။
- ဓလေ့ထုံးတမ်းမြေယာများနှင့်ပတ်သက်သည့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ဒေသန္တရအစိုးရက တိုက်ရိုက်စီမံခန့်ခွဲကောက်ခံခြင်း နှင့် ပြစ်မှုကျူးလွန်သူများကို အပြစ်ဒါဏ်ချမှတ်ခြင်း အပါအဝင်ဖြစ်ရမည်။

- မြေယာပြဌာန်းချက်များကို လိုက်နာကျင့် သုံးရန် သေချာစွာ ဆောင်ရွက်ခြင်း၊
- မြေယာနှင့်ပတ်သက်သည့် အငြင်းပွားမှုများကို ဖြေရှင်းပေးခြင်းများတွင် တရားစီရင်ရေးဌာနနှင့် ဒေသခံများစုဖွဲ့ထားသည့် (Judicial Institution) တို့နှင့် ဆက်စပ်လုပ်ကိုင်ခြင်းတို့ ပါဝင်သင့်သည်။
- အထက်-အောက် နှင့် အောက်-အထက် ကြီးကြပ်ရေးတွင် တာဝန်ခံမှုများ အပြည့်အဝရှိစေရန် တရားစီရင်ရေးစနစ်မှ သေချာစွာ လိုက်နာကျင့်သုံးရန်နှင့် ဒေသအဆင့်တွင် လက်ရှိကျင့်သုံးနေသည့် တရားစီရင်ရေး ယန္တရားများကိုပါ ထည့်သွင်းကျင့်သုံး ခြင်းတို့ ပါဝင်သည်။

ဖက်ထရယ် ပြည်ထောင်စုစနစ် ဖွဲ့စည်းပုံအောက်တွင် အကောင်အထည်ဖေါ်နိုင် နိုင်ချေရှိသည့် ဓလေ့ထုံးတမ်း မြေယာ ဥပဒေ

---------- ဖက်ဒရယ်စနစ်ပြပုံ --------

**အကျိုးသက်ရောက်မှုများ**

ဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲရေးစနစ်များကို အကာအကွယ်ပေးခြင်းနှင့် အသိအမှတ်ပြုခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အရေးပါသည့် အစိတ်အပိုင်းတခုဖြစ်ပြီး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဗဟိုချုပ်ကိုင်မှုလျှော့နည်းသည့် ဥပဒေမူဘောင် legal framework ထဲတွင် ထည့်သွင်းပြဌာန်းထားရမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်

(က) ဓလေ့ထုံးတမ်းစီမံခန့်ခွဲရေးအလေ့အထများသည် ဒေသန္တရအုပ်ချုပ်ရေးစနစ်ကို ထိရောက်စွာ အကျိုးပြုစေသည်။

(ခ) ဓလေ့ထုံးတမ်းအလေ့အထများကို မျိုးဆက်ပေါင်းများစွာ လက်ဆင့်ကမ်းအသုံးပြုလာခဲ့ကြပြီး ရွာသားများသည် သူတို့၏ မြေယာများနှင့် ခိုင်မာစွာ တည်ရှိနေသည်။

(ဂ) ဓလေ့ထုံးတမ်းအလေ့အထများသည် တည်တံ့ခိုင်မြဲသည့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးသည်။

(ဃ) ဓလေ့ထုံးတမ်းအလေ့အထများသည် ကိုယ့်အားကိုယ်ကိုးခြင်းနှင့် ဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲ စေသည့် လူနေမှုဘဝ ကို ဖန်တီးပေးသည်။

(င) ဓလေ့ထုံးတမ်းအလေ့အထများသည် ဒေသခံအသိုင်းအဝိုင်းများအတွက် ထိရောက်မှုရှိသည့် ဗဟိုချုပ်ကိုင်မှုလျှော့နည်းခြင်းနှင့် ပူးပေါင်းပါဝင်မှုရှိသည့် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးစနစ်ကို ဖန်တီးပေးသည်။

(စ) ဓလေ့ထုံးတမ်းအလေ့အထသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များအား မပျောက်မပျက်စေရန် ထိန်းသိမ်းပေးသည်။